အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၂၇

၄ ဖေဖော်ဝါရီ ၂၀၂၃

## “ မြန်မာ့အရေး နော်ဝေ ကူညီရေးနှင့် ဆက်စပ်သည့် ဆွေးနွေးပွဲ ပြုလုပ်”

**ဇန်နဝါရီ ၃၁**




မြန်မာ့ဒီမိုကရေစီရေးအတွက် ၁၉၉၁ ခုနှစ်ကတည်းက အခိုင်အမာ ထောက်ခံခဲ့သည့် နော်ဝေနိုင်ငံအနေဖြင့် လက်ရှိ မြန်မာ့အရေးနှင့် ပတ်သက်၍ နိုင်ငံရေးနှင့် ဘဏ္ဍာရေးအရ မည်သို့ပံ့ပိုးပေးနိုင်မည်နည်း ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် နိုင်ငံရေး ဆွေးနွေးပွဲအား ဇန်နဝါရီ ၃၁ ရက်က နော်ဝေနိုင်ငံ၊ Litteraturhuset Nedjma တွင် ပြုလုပ်ခဲ့ရာ အမျိုးသား ညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုယ်တိုင် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲအား “How can Norway support the people's struggle for democracy?” ခေါင်းစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ကာ နော်ဝေနိုင်ငံဘက်မှ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည့် Ola Elvestuen, Lars Haltbrekken၊ နော်ဝေ တက္ကသိုလ်ပါမောက္ခ Kristian Stoke တို့ တက်ရောက် ဆွေးနွေးခဲ့ကာ ဆွေးနွေးပွဲသဘာပတိအဖြစ် Forum for Development and Environment မှ Kathrine Sund-Henriksen က ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာ သိမ်းမှုမှာ နှစ်နှစ်ပြည့်မြောက်ပြီဖြစ်ကာ ယင်းကာလအတွင်း စစ်တပ်က အရပ်သားပြည်သူများအပေါ် အကြမ်းဖက်၍ စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်အား ထင်ရှားသည့်သက်သေ နှင့်တကွ ကမ္ဘာက သိရှိပြီး ဖြစ်ကြောင်း၊ စစ်တပ်၏ အုပ်ချုပ်မှု ပျက်ကွက်မှုနှင့် စစ်ပွဲများကြောင့် စီးပွားရေးအကျပ်အတည်း ကြုံတွေ့နေကာ အပြစ်မဲ့ပြည်သူများအား အတင်းအကျပ် ရွှေ့ပြောင်းခိုင်းခြင်းများကြောင့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်နေသည့်အတွက် မြန်မာ့ဒီမိုကရေစီရေးအား ၁၉၉၁ ခုနှစ်ကတည်းက အခိုင်အမာ ထောက်ခံခဲ့သည့် နော်ဝေနိုင်ငံအနေဖြင့် မည်သည့်နည်းလမ်း များဖြင့် ကူညီနိုင်မည်ဆိုသည့် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာ သည့် ဆွေးနွေးပွဲအား ပြုလုပ်ခဲ့ကြခြင်းလည်း ဖြစ်သည်။




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဇန်နဝါရီလအတွင်း အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားအလိုက် မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဇန်နဝါရီလအတွင်း အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ် အသီးသီးတို့တွင် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ




| Regions | Victims |
|---|---|
| AYA | 20 |
| BGO | 11 |
| CHIN | 19 |
| KACHIN | 20 |
| KAREN | 19 |
| KARENNI | 8 |
| MAG | 30 |
| MDY | 38 |
| MON | 18 |
| RAKHINE | 9 |
| SAG | 96 |
| SHAN | 6 |
| TNT | 24 |
| YGN | 13 |
| AYA | 20 |

*ဇန်နဝါရီလအတွင်း စစ်ကိုင်းတိုင်းတွင်အကြမ်းဖက်စစ်အုပ်စုမှ စစ်ကြောင်းထိုးဝင်ရောက်စီးနင်းမှု အမြောက်အမြား ကျူးလွန်ခဲ့ပြီး အနည်းဆုံးရွာပေါင်း ၄၀ခန့် ၊အိမ်ခြေ အနည်းဆုံး ၃၀၀၀ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

## "ကလေးသူငယ်များသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်"

**ဇန်နဝါရီ - ၃၀**



“ကလေးသူငယ်များဟာ တိုင်းပြည်အနာဂတ်ဖြစ်ပြီး ကလေး တိုင်းခံစားခွင့်ရှိတဲ့ ကလေးသူငယ်အခွင့်အရေးများကို ခံစားပိုင်ခွင့် ရှိတဲ့အပြင် ကာကွယ်စောင့်ရှောက်ခံရသင့်တဲ့ အခွင့်အရေးများကိုလည်း ပြည့်ပြည့်ဝဝ ရရှိဖို့ လိုအပ်ပါတယ်။

ထိုကာကွယ်စောင့်ရှောက်ခံရသင့်တဲ့ အချက်များထဲမှာ ကလေးများကို အရွယ်မတိုင်ခင် အတင်းအကြပ် စစ်မှုထမ်းစေခြင်းမှ ကာကွယ်ပေးရမယ်ဆိုတဲ့ အချက်ဟာလည်း နိုင်ငံတကာက လေးသူငယ်ဆိုင်ရာ ဥပဒေများမှာ ပြဋ္ဌာန်း ပါရှိပြီးဖြစ်ပါတယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီး ဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ**

# “ပါဝင်လက်တွဲ တနင်္သာရီအောင်ပွဲ” ရန်ပုံငွေရှာဖွေပွဲ၌ ပြည်ထောင်စုဝန်ကြီး ပါဝင်

**ဇန်နဝါရီ ၂၈**

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တနင်္သာရီတိုင်းဒေသ ကွပ်ကဲရေးမှ “ပါဝင်လက်တွဲ တနင်္သာရီအောင်ပွဲ” တော်လှန်ရေးရန်ပုံငွေ ရှာဖွေပွဲ၏ ဒုတိယအကြိမ်အခမ်းအနားအား ဇန်နဝါရီ ၂၈ ရက်က အွန်လိုင်းဇုဟိုပြု ပြုလုပ်ခဲ့ရာ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုယ်တိုင် တက်ရောက်ပါဝင်ခဲ့သည်။

တော်လှန်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ တစ်သိန်း ရရှိရေး မျှော်မှန်းထားသည့် ယင်းရန်ပုံငွေပွဲသို့ အစိုးရအဖွဲ့ ဝန်ကြီးများ ဖြစ်သည့် ဦးစိုးသူရထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်/စွမ်းအင်)၊ ဦးနိုင်ကောင်းရွှတ် (ဒုဝန်ကြီး၊ ကာကွယ်ရေး) နှင့် အတွင်းဝန် ဦးနိုင်ထူးအောင်၊ ဦးမိုးဇော်ဦး (ဒုဝန်ကြီး၊ နိုင်ငံခြားရေး) အပြင် တော်လှန်ရေးရန်ပုံငွေ ရှာဖွေပေးကြသူများဖြစ်သည့် ရွှေဝါရောင် ဆရာတော် အရှင်ထာဝရ၊ မရွှေမိုး၊ သရုပ်ဆောင်မင်းမော်ကွန်းအပြင် တနင်္သာရီစစ်ဒေသ တာဝန်ခံ ဦးဂျူပီတာနှင့် တာဝန်ရှိသူများပါ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အွန်လိုင်းအခြေပြု ရန်ပုံငွေရှာဖွေပွဲအား သတင်းမီဒီယာများက တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကာ ဇန်နဝါရီလ ၁၇ ရက် ပြုလုပ်သည့် ပထမအကြိမ် အခမ်းအနား၌လည်း ပြည်ထောင်စု ဝန်ကြီးကိုယ်တိုင် အဖွင့်မိန့်ခွန်း ပြောကြားပေးခဲ့သည့်အပြင် တော်လှန်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀ ထည့်ဝင် လှူဒါန်းခဲ့သည်။



# “စစ်ကောင်စီနှင့် စစ်ရာဇဝတ်မှုများ”

**ဇန်နဝါရီ - ၂၀**




“အကြမ်းဖက်စစ်အုပ်စုရဲ့ လုပ်ဆောင်မှုတွေက သာမန် လူ့အခွင့်အရေးချိုးဖောက်မှုထက်ကို ကျော်လွန်ပြီးတော့ နိုင်ငံတကာက သတ်မှတ်ထားတဲ့ ရာဇဝတ်မှုတွေ ကျူးလွန်တဲ့ အဆင့်ကိုရောက်ရှိပြီလို့ အရင်ကတည်းက ကျွန်တော် ပြောထားပါတယ်။စစ်ပွဲဆိုင်ရာ ရာဇဝတ်မှု ကျူးလွန်မှုဆိုတာက စွပ်စွဲချင်တိုင်း စွပ်စွဲလို့ မရပါဘူး။ ပထမဦးဆုံးကတော့ ဒီလိုမျိုး အကြောင်းတွေ ဖြစ်ပွားတဲ့ ကာလ၊ အခြေအနေကို ကြည့်တဲ့ အခါမှာ စစ်ပွဲလို့ ခေါ်တဲ့ Conflict ၊ ဒါမှမဟုတ် War လို့ သတ်မှတ်ထားတဲ့ စစ်ပွဲဆိုင်ရာ အခြေအနေမျိုး ဖြစ်ရပါတယ်။ ဒါ့အပြင် ဒါမျိုး လုပ်ဆောင်တဲ့နေရာမှာ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်တယ်ဆိုတဲ့ ပုံစံက ဗျူဟာတစ်ရပ်အနေနဲ့ ကျင့်သုံးတဲ့သဘောမျိုး ဖြစ်ရမယ်ဆိုတာ စစ်ပွဲဆိုင်ရာရာဇဝတ်မှုရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေ ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ ဖြစ်ပျက်နေတဲ့အခြေအနေမှာ၊ လက်ရှိမြန်မာနိုင်ငံမှာ အရပ်သား ပြည်သူတွေကို သတ်ဖြတ်မှုက စစ်ပွဲဆိုင်ရာ အခြေအနေမျိုး ဖြစ်သလား၊ ဒါကို ပထမဦးဆုံး သုံးသပ်ဖို့ လိုအပ်ပါတယ်။ စစ်ပွဲဖြစ်ရင်တော့ လက်နက်ကိုင် နှစ်ဖွဲ့က တိုက်ခိုက်ကြတာပါ။ ဒါကစစ်ပွဲဆိုင်ရာဥပဒေအရ တိုက်ခိုက်မှုပါ။ ဒါပေမဲ့ ရာဇဝတ်မှုက ဘယ်အခြေအနေမှာ ရောက်သလဲဆိုရင်တော့ အရပ်သား ပြည်သူတွေကို တိုက်ခိုက်မှုတင်မကဘဲနဲ့ တကယ်ကို စစ်ပွဲဆန်တဲ့ အနေအထားမျိုးရောက်ရှိဖို့ လိုအပ်ပါတယ်။ အခု ဖြစ်ပျက်နေတဲ့ အခြေအနေကို ကြည့်မယ်ဆိုရင်တော့ အကြမ်းဖက်စစ်အုပ်စုက ဒေသတွေကို စစ်ပွဲအသွင်ဖန်တီးနေတယ်။ နောက်တိုက်ခိုက်မှုကလည်း ကြုံကြိုက်လို့ တိုက်ခိုက်တာမဟုတ်ဘဲနဲ့ သူတို့အနေနဲ့က စစ်ဗျူဟာတွေအနေနဲ့ တိုက်ခိုက်တယ်။ အခုဆို ပိုမိုထင်ရှားတဲ့ကိစ္စတစ်ခုကတော့ လေကြောင်းတိုက်ခိုက်မှုကို အသုံးပြုပြီဆိုကတည်းက စစ်ပွဲဆိုင်ရာအခြေအနေကို ရောက်ရှိနေပါတယ်။ အရင်တုန်းကတော့ ကိုယ့်ရဲ့အင်အားနဲ့၊ ခွန်အားနဲ့ ရသမျှလက်နက်ကို ကိုင်စွဲပြီးတော့ တွန်းလှန်တဲ့အခြေအနေမျိုး မဟုတ်တော့ပါဘူး။ တွန်းလှန်တဲ့သူတွေကလည်း စစ်ပွဲပုံစံ၊ တပ်ရင်းပုံစံ၊ တပ်ဖွဲ့ပုံစံ၊ တစ်ချိန်တည်းမှာပဲ စစ်ပွဲဗျူဟာတွေ လုပ်ဆောင်နေတဲ့အတွက် အကြမ်းဖက်စစ်အုပ်စုက တစ်ဖက်၊ သူတို့ကို ခုခံကာကွယ်တဲ့ PDF အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပုံစံက စစ်ပွဲပုံစံ ဖြစ်နေတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့ မရပါဘူး။ တိုက်ခိုက်မှုကလည်း သာမန်တိုက်ခိုက်မှုပုံစံမကတော့ဘဲနဲ့ လေကြောင်း တိုက်ခိုက်မှုကအစ လုပ်ဆောင်နေတဲ့အတွက် စစ်ပွဲဆိုင်ရာ အခြေအနေ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အရပ်သားပြည်သူတွေကို ဦးတည်တိုက်ခိုက်မှု ဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် စစ်ပွဲတွေ အတွင်းမှာလက်နက်ကိုင်ထားတဲ့ အဖွဲ့တွေအချင်းချင်းတိုက်ခိုက်မှုက စစ်ပွဲဆိုင်ရာဥပဒေ ဖြစ်ပေမယ့် အရပ်သားတွေကို ဦးတည် ပြီး တိုက်ခိုက်မှုတွေက ရှင်းရှင်းလင်းလင်း ဖြစ်နေပါတယ်။ ညွှန်ကြားချက်တွေထဲမှာ ဆိုလို့ရှိရင်လည်း တွေ့သမျှလူတွေကို သတ်ဖြတ်ဖို့၊ ရွာတွေကို မီးရှို့ဖို့အထိ ညွှန်ကြားထားတဲ့ အချက်တွေ ဖြစ်ပါတယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စု ဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (စစ်ကောင်စီတပ်နဲ့ စစ်ရာဇဝတ်မှုများ | Human Rights Barometer - Episode 6 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမ သတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့် နေခြင်း ဖြစ်သည်။)**

# “ပြည်သူတွေဆီကို ရွေးပြီးတော့ကို ပစ်တာပါ၊ တမင်တကာကို ပစ်တာ”

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ ထန်းကုန်းရွာအား အကြမ်းဖက်စစ်တပ်များက ဇန်နဝါရီလ ၇ ရက်နှင့် ၉ ရက်တို့တွင် နှစ်ကြိမ်တိုင်တိုင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သက်ကြီးရွယ်အို အမျိုးသားနှင့် အမျိုးသမီးတို့ သေဆုံးခဲ့ကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယင်းဒေသခံတစ်ဦးက အတည်ပြု ပြောဆို သည်။

ဇန်နဝါရီ ၉ ရက် လက်နက်ကြီးဖြင့် တိုက်ခိုက်မှုဖြစ်စဉ်တွင် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် ဘုန်းကြီးကျောင်းဝိုင်းထဲ၌ ပြည်သူများ စစ်ရှောင်နေကြသည်ကို အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့များဘက်က သိသိချည်းဖြင့်ပင် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ရာ ယင်းနေ့ဖြစ်စဉ်၌ တစ်ဦးသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကာ ဒဏ်ရာရသူများမှာလည်း စိုးရိမ်ရသည့် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ခြင်း ဖြစ်သည်။

အကြမ်းဖက်စစ်အုပ်စုက ယင်းဒေသတွင် အရပ်သား ပြည်သူများအား ပစ်မှတ်ထား၍ လူသားဒိုင်းအဖြစ် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နေအိမ်များအား မီးရှို့ခြင်းများအား ဆက်တိုက်ပြုလုပ်နေကာ စစ်ကောင်စီတပ်ဖွဲ့များနှင့်အတူ စစ်ဝတ်စုံဝတ်ထားသည့် ရဲတပ်ဖွဲ့ဝင်များ၊ စစ်တပ်က လက်နက် တပ်ဆင်ပေးထားသည့် ပျူစောထီးနှင့် ဒလန်အသုံးပြုမှုများလည်း ပိုမိုလုပ်ဆောင်လာနေလျက် ရှိသည်။

“ပြည်သူတွေဆီကို ရွေးပြီးတော့ကို ပစ်တာပါ။ တမင်တကာကို ပစ်တာ။ သူတို့ပြောတာ ကျွန်တော်တို့ Iconတွေ ဘာတွေက လိုင်းတွေက ကြားနေတယ်။ တမင်တကာကို ပစ်ခိုင်းတာကို ကြားနေရတယ်။ နောက်ဒီဘက်က ဘုန်းကြီးတွေ ကလည်း စစ်အုပ်စုနဲ့တွေတော့ မင်းတို့ PDF တွေသေပြီ၊ သေပြီဆိုပြီး မင်းတို့ပစ်တာ ငါတို့ရွာသားတွေတော့ သေကုန်ပြီဆိုပြီး။ သူတို့ကသိတယ်။ အရှေ့ကို ပစ်ခိုင်းတာတဲ့ ဆိုပြီး အဲဒီလိုပြောတယ်။ ပြည်သူကို တမင်ရည်ရွယ်ချက်ရှိရှိ ပစ်တာ လုပ်ဆောင် တယ်ဆိုတာပေါ့။ ၉ ရက်နေ့ကတော့ ဘုန်းကြီးကျောင်းထဲကို တမင်ပစ်ထည့်လိုက်တာ။ စစ်အုပ်စုနဲ့ ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တွေနဲ့ တိုက်ပွဲတွေက စိပ်လာတာနဲ့အမျှ စစ်ခွေးတွေ ဘက်ကလည်း ရွာတွေကို မီးရှို့ဖျက်ဆီးတာတွေ အရမ်းလုပ်လာတယ်။ ထီးချိုင့်အနောက်ခြမ်း၊ ရောအနောက်ခြမ်း မြောက်ပြင်တကြောမှာဆိုရင်ရွာပေါင်း (၂၀)ကျော်၊ (၂၂)ရွာကျော်လောက်ကို မီးရှို့ဖျက်ဆီးခံလိုက်ရတာ။ အိမ်ခြေပေါင်းဆိုရင် (၁၂၀၀) ကျော်သွားပြီး၊ မီးရှို့ဖျက်ဆီးခံရတာ” - **ဒေသခံတစ်ဦး**

**(စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ ထန်းကုန်း ရွာအား အကြမ်းဖက်စစ်အုပ်စုက နှစ်ကြိမ်တိုင် လက်နက် ကြီးဖြင့် ပစ်ခတ်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်သည့် အခြေအနေနှင့် နောက်ဆက်တွဲအခြေအနေများအား ဒေသခံတစ်ဦးအား ဆက်သွယ်မေးမြန်းထားခြင်း)**

(၁) အမျိုးသားညီညွတ်ရေးအစိုးရကို တရားဝင်အစိုးရအဖြစ် သတ်မှတ်ဆက်သွယ်ဆောင်ရွက်ရန်
(၂) အကြမ်းဖက်စစ်အုပ်စုနဲ့ ၎င်း၏လက်ပါးစေ ခရိုနီများအား စီးပွားရေးအရေးယူ ပိတ်ဆို့မှုများဆောင်ရွက်ရန်
(၃) လိုအပ်လျက်ရှိသော ဆေးဝါးနှင့်ရိက္ခာများ လူသားချင်းစာနာမှု အကူအညီများကို နယ်စပ်ဖြတ်ကျော်ပံ့ပိုးပေးရန်
(၄) အကြမ်းဖက်စစ်အုပ်စု၏ ဖိနှိပ်မှုကို ဆန့်ကျင်တော်လှန်ခဲ့သော တော်လှန်ပြည်သူများအား ပြင်သစ်နိုင်ငံအစိုးရမှ နိုင်ငံရေးအရ ခိုလှုံခွင့်ပေးရန်

"Paris city event marking the second anniversary of the attempted coup” အခမ်းအနားတွင် ပြင်သစ်နိုင်ငံအစိုးရထံသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းမှ တောင်းဆိုခဲ့သောအချက် (၄) ချက်)

# ပြင်သစ်နိုင်ငံ အောက်လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးတွေ့ဆုံ

**ဖေဖော်ဝါရီ - ၁**





ဖေဖော်ဝါရီလ ၁ ရက် နေ့လည် ၁နာရီ မှ ၂ နာရီထိ ပြည်ထောင်စုဝန်ကြီးပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်အောက်လွှတ်တော်တွင် ပြင်သစ်မြန်မာ ချစ်ကြည်ရေးအဖွဲ့မှ ဥက္ကဋ္ဌအောက်လွှတ်တော်အမတ် Mr Alain David နှင့်အောက်လွှတ်တော် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးများက မြန်မာ့ငြိမ်းချမ်းရေး တိုးတက်မှု အခြေအနေများ၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ လမ်းပြမြေပုံ အပါအဝင် မြန်မာလူထု၏ ငြိမ်းချမ်းရေးတွင်အရေးကြီး ပါဝင်နေမှုများ ရှင်းလင်းပြောကြားခဲ့ကြပြီး အောက်ပါအချက် များကိုလည်း တောင်းဆိုခဲ့သည်-

အကြမ်းဖက်စစ်အုပ်စုက ပြုလုပ်မည့် တရားမဝင် အတုအယောင်ရွေးကောက်ပွဲကိုလည်း ပြင်သစ်လွှတ်တော်၊ ပြင်သစ်အစိုးရနှင့် နိုင်ငံတကာမှ ကန့်ကွက်ပေးပါရန် အမျိုးသား ညီညွတ်ရေးအစိုးရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ နှင့် ပြင်သစ်အောက်လွှတ်တော်တို့ တရားဝင်တွေ့ဆုံချိတ်ဆက် လုပ်ဆောင်ရန် တင်ပြချက်ကို တင်ပြခဲ့ပြီး ဆက်လက်ချိတ်ဆက် လုပ်ဆောင်မည့် လမ်းစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်ပြီး နေ့လည်၂ နာရီမှ ၃နာရီအထိ ပြင်သစ်အောက်လွှတ်တော်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြပါသည်။

သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးများနှင့် ပြင်သစ်စာနယ်ဇင်းသမားများ အပါအဝင် ပြင်သစ်ရောက်မြန်မာများလည်းတက်ရောက်ခဲ့ကြပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြင်သစ်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဒေါ်နန်းဆုမွန်အောင်၊ ကိုယ်စားလှယ်ရုံးအဖွဲ့ဝင် Maé Robbine တို့ ပါဝင်ခဲ့ကြပါသည်။

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၂၈၉၄

စစ်တပ်အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသည့် နွေဦးတော်လှန်ရေးနှစ်နှစ်တာကာလအတွင်း အကြမ်းဖက် စစ်အုပ်စု၏ နှိပ်စက်ညှင်းပန်း၊ သတ်ဖြတ်မှုများကြောင့် ပြည်သူပေါင်း ၂၈၉၄ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

## ၁၈ - ၂၇၉

စစ်အာဏာရှင်ဆန့်ကျင်မှု နွေဦးတော်လှန်ရေး နှစ်နှစ်တာကာလအတွင်း စစ်အုပ်စု၏ ဖမ်းဆီး၊ ပစ်ခတ်၊ သတ်ဖြတ်မှုများကြောင့် အသက်မပြည့်သေးသည့် ၁၈ နှစ်အောက်ကလေးငယ် ၂၇၉ ဦး သေဆုံးခဲ့ရသည်။

## ၄၇၇

စစ်တပ်ကအာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝန်းလူ့အခွင့်အရေးချိုးဖောက်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့မှုဖြစ်စဉ်များအတွင်း အမျိုးသမီး ၄၇၇ ဦး သတ်ဖြတ်ခံခဲ့ရသည်။

## CDM ၇၀

အာဏာသိမ်း စစ်တပ်လက်အောက်တွင် ဆက်လက်မလုပ်ကိုင်ဘဲ အကြမ်းမဖက် အာဏာဆန့်ကျင်မှု CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်း ၇၀ ဦးမှာ အကြမ်းဖက် စစ်အုပ်စု၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

## ၆၂,၃၉၉ + ၁၆၃

၂၀၂၀ ရွေးကောက်ပွဲရလဒ်အား ဆန့်ကျင်ကာ စစ်တပ်က အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝန်း အကြမ်းဖက်သတ်ဖြတ်၊ မီးရှို့ဖျက်ဆီးမှုများအား ဆက်တိုက်ကျူးလွန်ခဲ့ရာ အာဏာသိမ်းပြီး နှစ်နှစ်တာကာလအတွင်း ပြည်သူပိုင် အိမ်ပေါင်း ၆၂,၃၉၉ ပြာကျပျက်စီး ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် ဘာသာရေးအဆောက်အဦပေါင်း ၁၆၃ လုံးကိုလည်း နည်းလမ်းပေါင်းစုံသုံး၍ ဖျက်ဆီးခဲ့သည်။

## (၆၅၄) ၂၈၈ + ၃၇၇

စစ်တပ်အာဏာသိမ်းမှုအား ဆန့်ကျင်သည့် ပြည်သူများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိရာ ဒေသများအား အကြမ်းဖက်စစ်အုပ်စုက နှစ်နှစ်တာကာလအတွင်း လေကြောင်းသုံးတိုက်ခိုက်မှုပေါင်း ၆၅၄ ကြိမ်အထိ ပြုလုပ်ခဲ့သည်။ ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း ပြည်သူ ၂၈၈ ဦး သေဆုံးခဲ့ရကာ ၃၇၇ ဦးအထိ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**ကိုးကား - ဝန်ကြီးဌာနများ (အမျိုးသားညီညွတ်ရေးအစိုးရ)၊ အရပ်ဖက်အဖွဲ့အစည်းများ လေ့လာကောက်ယူထားသည့် စစ်တမ်းများ**

